# အင်္ဂလိပ်စကားမပြောတတ်သူများအတွက် မကြာခဏမေးလေ့ရှိသည့် မေးခွန်းများ

## ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (TIS) သည် မည်သည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသနည်း။

ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (TIS National) သည် အင်္ဂလိပ်စကား မပြောတတ်သောလူများနှင့် မိမိတို့၏ အင်္ဂလိပ်စကား မပြောတတ်သော ဖောက်သည်များနှင့်ပြောဆိုဆက်သွယ်ရန်လိုအပ်သည့် အေဂျင်စီရုံးများနှင့်စီးပွားလုပ်ငန်းများအား စကားပြန်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။ ဤဝန်ဆောင်မှုများသည် အင်္ဂလိပ်စကားမပြောတတ်သောသူများအား ဩစတြေးလျ (Australia) နိုင်ငံရှိ ဝန်ဆောင်မှုများနှင့် အကြောင်းအချက် အလက်များကို မှီခိုကင်းစွာဖြင့် ရယူနိုင်ရန် ပံ့ပိုးထားပါသည်။

ကျွန်ုပ်တို့သည် ဩစတြေးလျ (Australia) နိုင်ငံတစ်ဝန်းတွင် စကားပြန် 2400 ကျော်အား ဘာသာစကားနှင့် အရပ်ပြောစကား 160 ကျော်ဖြင့် ပင်္ဂုဉာည်ပြုလုပ်ထားရမ်းထားပါသည်။

အင်္ဂလိပ်စကား မပြောတတ်သူများသည် တယ်လီဖုန်း စကားပြန်များကို (TIS National) မှတစ်ဆင့် ဖုန်းနံပါတ် 131450 ကိုခေါ်ခြင်းဖြင့် ချက်ချင်း ဆက်သွယ်နိုင်သည်။

တစ်နည်းအားဖြင့်၊ အကယ်၍သင်သည် အဖွဲ့အစည်းတစ်ခုအား တိုက်ရိုက်ဆက်သွယ်လျှင် သင့်ကိုယ်စား သူတို့က စကားပြန်တစ်ဦးကို စီစဉ်ကောင်း စီစဉ်ပေးနိုင်ပါသည်။

## ကျွန်ုပ် (TIS National) မှတစ်ဆင့် မည်သူ့ကိုဆက်သွယ်နိုင်ပါသနည်း။

လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ် ကာကွယ်ရေး ဌာန (Department of Immigration and Border Protection) အပါအဝင် အေဂျင်စီရုံး 22 000 ကျော်သည် (TIS National) တွင်မှတ်ပုံတင်ထားကြပါသည်။ ကျွန်ုပ်တို့၏ အခြားဖောက်သည်အချို့မှာ -

- ပြည်နယ်နှင့် ပြည်ထောင်စု အစိုးရဌာနများ
- ဒေသဆိုင်ရာ ကောင်စီရုံးများ
- ဆေးဖက်ဆိုင်ရာနှင့် ကျန်းမာရေး ကုသပေးသူများ
- ဆေးဝါးအရောင်း ပညာရှင်များ
- ရေ မီး ဓါတ်ငွေ့ကုမ္ပဏီများ
- တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီများ
- အရေးပေါ် ဝန်ဆောင်မှုများ (ရဲ၊ မီးသတ်၊ လူနာတင်ယာဉ်)
- ဥပဒေရေးဆိုင်ရာ ဝန်ဆောင်မှုများ
- အခြေချနေထိုင်ရေးနှင့် အသိုင်းအဝိုင်း ဝန်ဆောင်မှု ဖြန့်ဖြူးသူများ တို့ဖြစ်ပါသည်။

သင် ဆက်သွယ်လိုသည့် အဖွဲ့အစည်းသည် (TIS National) ထံမှစကားပြန် အကူအညီဖြင့်ခေါ်သည့် ဖုန်းများကို လက်ခံကြောင်း (TIS National) သည် အာမခံနိုင်မည်မဟုတ်ပါ။

## မည်သည့်အခါတွင် (TIS National) ကိုကျွန်ုပ် ခေါ်နိုင်ပါသလဲ။

(TIS National) သည် စကားပြန်ဝန်ဆောင်မှုများကို တစ်နှစ်တာ၏ နေ့တိုင်း 24 နာရီလုံး လုပ်ပေးပါသည်။

သင်ဆက်သွယ်သည့် အဖွဲ့အစည်းသည် သူတို့၏ပုံမှန်ရုံးဖွင့်ချိန်အတွင်း၌သာလျှင် ဆက်သွယ်ရန် ရရှိနိုင်ကောင်း ရရှိနိုင်မည်၊ အဖွဲ့အစည်းတို့၏ ရုံးဖွင့်ချိန်များမှာ ကွဲပြားပါလိမ့်မည်။

ဩစတြေးလျ (Australia) နိုင်ငံရှိ အဖွဲ့အစည်းအများစုမှာ ပုံမှန်ရုံးဖွင့်ချိန် နံနက် 9 နာရီ — 5 နာရီအတွင်း တနင်းလာနေ့မှ သောကြာနေ့အထိ လုပ်ငန်းဆောင်ရွက်ပါသည်။ အဖွဲ့အစည်းအများအပြားကို အစိုးရရုံးပိတ်ရက်များတွင် ရရှိနိုင်လိမ့်မည် မဟုတ်ပါ။

## ကျွန်ုပ် 131 450 ကိုခေါ်သည့်အခါ ကျွန်ုပ် ဘာကိုမျှော်လင့်နိုင်သလဲ။

သင် TIS National ကိုဖုန်းခေါ်သည့်အခါ အင်္ဂလိပ်စကားပြောသော TIS National တယ်လီဖုန်းအော်ပရေတာက နှုတ်ခွန်းဆက်လိမ့်မည်ဖြစ်ပြီး သင်မည်သည့်ဘာသာစကားကို အလိုရှိသလဲဟု မေးပါလိမ့်မည်။

သင်ဘာသာစကားတစ်ခုကို တောင်းဆိုပြီးနောက် ရရှိနိုင်သော စကားပြန်တစ်ဦးကို အော်ပရေတာကရှာဖွေနေစဉ် သင့်အား ဖုန်းပေါ်တွင် စောင့်ဆိုင်းခိုင်းပါလိမ့်မည်။ ကျေးဇူးပြု၍ စောင့်ဆိုင်းစဉ် ဖွင့်ထားသည့် တေးဂီတအသံမကြားရသော်လည်း ဖုန်းပေါ်တွင်စောင့်နေပါ။

အကယ်၍ သင့် ဘာသာစကားပြောသည့် စကားပြန်တစ်ဦးကို ရရှိလျှင်၊ အော်ပရေတာသည် သင့်အားစကားပြန်နှင့်ဆက်ပေးလိမ့်မည်ဖြစ်ပြီး ဘယ်အဖွဲ့အစည်းအား သင် ဆက်သွယ်လိုပါသလဲဟု မေးမြန်းပါလိမ့်မည်။ သင် TIS National အားဖုန်းခေါ်သည့်အခါ ကျေးဇူးပြု၍ အဖွဲ့အစည်း၏အမည်၊ သူတို့၏ဆက်သွယ်ရမည့်ဖုန်းနံပါတ်နှင့် အဖွဲ့အစည်းနှင့်လုပ်ထားသည့် သင့် သို့မဟုတ် စာရင်း နံပါတ် (အကယ်၍ရှိလျှင်) တို့ကိုအဆင်သင့်လုပ်ထားပါ။

ကျွန်ုပ်တို့၏ အော်ပရေတာများသည် ဘက်လိုက်၍ မရဘဲ၊ သင်မည်သည့်အဖွဲ့အစည်းကို ဆက်သွယ်သင့်ကြောင်း အကြံမပေးနိုင်ပါ။ သင် စကားပြန်နှင့်ဆက်မိသည့်အခါ၊ စကားပြန်တာဝန် ထမ်းဆောင်နေစဉ်အတွင်း ဘက်မလိုက်ရန်သတ်မှတ်ချက်လိုအပ်သဖြင့် စကားပြန်သည် သင်နှင့် အလွတ်စကားပြောရန် လုပ်လိမ့်မည် မဟုတ်ပါ။

သင် မည်သူ့အား ဆက်သွယ်ရန်လိုအပ်ကြောင်း TIS National အား စကားပြန်ကပြောပါလိမ့်မည်၊ ယင်းနောက် အော်ပရေတာသည် ဖုန်းဆက်ခေါ်ပြီး သင်နှင့်စကားပြန်ကို တောင်းဆိုထားသည့် အဖွဲ့အစည်းနှင့်ဆက်ပေးပါလိမ့်မည်။

အကယ်၍ သင့်ဘာသာစကားပြောသည့် စကားပြန်ကို မရရှိနိုင်လျှင် မကြာခင် ပြန်ခေါ်ပါဟု အော်ပရေတာက သင့်အားပြောပါလိမ့်မည်။ အကယ်၍သင်သည် ဘာသာစကား တစ်ခုထက်ပို၍ပြောတတ်လျှင် တစ်ခြားဘာသာစကားပြောသည့် စကားပြန်တစ်ဦးကို တောင်းဆိုနိုင်သည်။

## အကယ်၍ TIS National ကကျွန်ုပ်အား ဆက်ပေးသည့် စကားပြန်ကို ကျွန်ုပ်သိနေလျှင် ဘာလုပ်ရမည်နည်း။

အကယ်၍ သင်သိသည့်စကားပြန်ဖြစ်ကြောင်း သင်သိရလျှင် စကားပြန်ကိစ္စကို ဆက်လုပ်လို မလို သင့်ဆုံးဖြတ်ချက် ဖြစ်ပါသည်။

အကယ်၍သင်သည် ၎င်းစကားပြန်နှင့် ဆက်မလုပ်လိုလျှင် TIS National အော်ပရေတာအား သို့မဟုတ် အဖွဲ့အစည်းအား ပြောပြီး ဖုန်းကို အဆက်ဖြတ်ပါ။

## အမျိုးသား သို့မဟုတ် အမျိုးသမီး စကားပြန်ကို တောင်းဆိုနိုင်ပါသလား။

တောင်းဆိုနိုင်ပါသည်။ အကယ်၍သင်သည် အမျိုးသားစကားပြန် သို့မဟုတ် အမျိုးသမီးစကားပြန် ကိုဦးစားပေးရယူလိုလျှင် TIS National အော်ပရေတာကိုဖြစ်စေ သို့မဟုတ် သင်ဆက်သွယ်သည့်အဖွဲ့အစည်းကိုဖြစ်စေ အမြန်ဆုံး ပြောပါ။ TIS National သည် သင်တောင်းဆိုသည့် အမျိုးသား သို့မဟုတ် အမျိုးသမီး စကားပြန်ကို သင့်အားပေးရန် ကြိုးစားပါလိမ့်မည်။

## သီးခြား ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုနောက်ခံရှိသော စကားပြန် တစ်ဦးကို ကျွန်ုပ် တောင်းဆိုနိုင်ပါသလား။

မရပါ။ TIS National အော်ပရေတာသည် စကားပြန်အလုပ်ကို စကားပြန်များအား သူတို့၏အောင်လက်မှတ် နှင့် အားလပ်နေမှုအပေါ်အခြေခံ၍ တာဝန်ချပေးသည်၊ သူတို့၏ဘာသာရေးနှင့် ယဉ်ကျေးမှုနောက်ခံကို အခြေခံ၍ စကားပြန်တစ်ဦးကို မရွေးချယ်နိုင်ပါ။

## ကျွန်ုပ်သည် စကားပြန်ကို လူကိုယ်တိုင် သုံးရန် ကြိုက်နစ်သက်သည်။ ဖြစ်နိုင်ပါသလား။

ဖြစ်နိုင်ပါသည်။ TIS National သည် နေရာခွင်ကျ စကားပြန်ပေးသည့် ဝန်ဆောင်မှုများ (On-site Interpreting Services) ကို လုပ်ပေးပါသည်။

အကယ်၍သင်သည် နေရာခွင်ကျ စကားပြန် တစ်ဦး (On-site Interpreter) ကိုလိုအပ်လျှင် TIS National တယ်လီဖုန်း စကားပြန်ကိုသုံး၍ သင် ဆက်သွယ်လိုသည့် အဖွဲ့အစည်းအား သင်ဆက်သွယ်သင့်သည်။ ယင်းနောက် သင်သည် အဖွဲ့အစည်းအား သင့်အတွက် (On-site Interpreter) နေရာခွင်ကျ စကားပြန်တစ်ဦးအား စီစဉ်ပေးရန် တောင်းဆိုပါ။

## အရေးပေါ် ဝန်ဆောင်မှုများကို စကားပြန်တစ်ဦးဖြင့် ဆက်သွယ်ရန် ကျွန်ုပ် လိုအပ်သည်။ ကျွန်ုပ် ဘာလုပ်ရမည်နည်း။

အရေးပေါ် လူနာတင်ယာဉ်၊ ရဲ သို့မဟုတ် မီးသတ် ဝန်ဆောင်မှုများကို ဆက်သွယ်ရန် သင် အမြဲတမ်း ဖုန်းနံပါတ် 000 ကိုတိုက်ရိုက်ခေါ်ပါ။

000 အရေးပေါ်ဝန်ဆောင်မှုများ လိုင်းသည် ဦးစားပေးလိုင်း တစ်နေ့လျှင် 24 နာရီ၊ တစ်ပတ်လျှင် 7 ရက် ကိုအသုံးပြု၍ TIS National အားခေါ်လိမ့်မည်ဖြစ်ပြီး သင့်အားစကားပြန်နှင့် ဆက်ပေးလိမ့်မည်။

## အင်္ဂလိပ်စကားမပြောတတ်သောသူများအတွက် TIS National ဝန်ဆောင်မှုများသည် အခမဲ့ ဖြစ်ပါသလား။

ဟုတ်ပါသည်။ အင်္ဂလိပ်စကား မပြောတတ်သောသူများအတွက် TIS National စကားပြန် ဝန်ဆောင်မှု အများစုမှာ အခမဲ့ ဖြစ်ပါသည်။

ယေဘုယျအားဖြင့် သင်ဆက်သွယ်သည့်အဖွဲ့အစည်းများသည် မိမိတို့၏ ဝန်ဆောင်မှုများကို သင့်အားပေးအပ်ရန်အလို့ငှာ စကားပြန်ဝန်ဆောင်မှုအတွက် ကျသင့်ခများကို ပေးပါလိမ့်မည်။ အချို့ အဖွဲ့အစည်းများနှင့် ဆေးကုသသည့် ဆရာဝန်များသည် TIS National မှတစ်ဆင့် အခမဲ့ စကားပြန်ပေးမှုကို ရထိုက်ခွင့် ရှိသည်။

အချို့အဖွဲ့အစည်းများသည် TIS National မှခေါ်သော ဖုန်းများကို လက်မခံနိုင်ကောင်း လက်မခံနိုင်ပါ။ သို့သော်လည်း၊ အကယ်၍ သင် ၎င်းအဖွဲ့အစည်းကို တိုက်ရိုက်ဆက်သွယ်လျှင် သူတို့က သင့်အား တယ်လီဖုန်းစကားပြန်ဖြင့် ပြန်ခေါ်ရန် ဖြစ်ကောင်း ဖြစ်နိုင်သည်။

အကယ်၍ အဖွဲ့အစည်းတစ်ခုကို သင် ဆက်သွယ်ရန်လိုအပ်ပြီး ၎င်းအဖွဲ့အစည်းမှာ TIS National ၏ဖောက်သည်မဟုတ်ဘဲ ဝန်ဆောင်မှုအတွက် ကျသင့်ခကို မပေးလိုလျှင် ဝန်ဆောင်မှုအတွက် သင့်ဖာသာ သင်ပေးရန် သင်ရွေးချယ်ကောင်း ရွေးချယ်နိုင်သည်။ ဤသို့လုပ်ရန် စကားပြန်ကိုပြောပါ၊ ကျွန်ုပ်တို့ အော်ပရေတာက သင့်အား TIS National စာရင်းတစ်ခု ဖွင့်ပေးရန် စီစဉ်ပေးပါလိမ့်မည်။ စာရင်းတစ်ခုကိုဖွင့်ရန် သင်သည် TIS National သို့ သင်၏ အကြွေးဝယ်ကတ် (Credit Card) အသေးစိတ်အချက်အလက်များကိုပေးအပ်ရန် လိုလိမ့်မည်။

## TIS National စကားပြန်တစ်ဦး၏ အခန်းကဏ္ဍသည် မည်သည်နည်း။

စကားပြန်၏အခန်းကဏ္ဍမှာ ပြောဆိုသည့်စကားများကို သင့်ဘာသာစကားဖြင့် အတတ်နိုင်ဆုံး တိကျစွာ စကားပြန်ရန်ဖြစ်သည်။

စကားပြန်များသည် အကြံဉာဏ်ကို မပေးပါ။ စကားပြန်များသည် TIS National အော်ပရေတာ  သို့မဟုတ် သင် ဆက်သွယ်မည့်သူ  မေးခိုင်းသည်မှလွဲ၍ မေးခွန်းများကို မမေးရပါ။

TIS National စကားပြန်များသည် တင်းကျပ်သည့် ကျင့်ဝတ်ရေးရာ လုပ်ထုံး (Code of Ethics) တစ်ခုကို လိုက်နာရသည်။ ကျင့်ဝတ်လုပ်ထုံး (The Code) သည် သူတို့၏ အတတ်ပညာရှင် အမူအကျင့် ကိုပြဌာန်းထားသည်။ ဤကျင့်ဝတ်ရေးရာ လုပ်ထုံးသည် များပြားသော တာဝန်ဝတ္တရားများကို ဖော်ပြထားပြီး ပါဝင်သည်မှာ -

- အတတ်ပညာရှင် အပြုအမူ
- လျှို့ဝှက်ထားရှိခြင်း
- တတ်ကျွမ်းကျင်မှု
- ဘက်လိုက်ကင်းမှု
- တိကျမှန်ကန်မှု
- အခန်းကဏ္ဍနယ်ပယ်၏ ရှင်းလင်းပြတ်သားမှု
- အတတ်ပညာရှင် ဆက်ဆံရေးကို ထိန်းသိမ်းထားရေး
- အတတ်ပညာရှင် ပညာအရည်အချင်းတိုးမြှင့်ရေး
- အတတ်ပညာရှင် စည်းလုံးညီညွတ်ရေး တို့ဖြစ်ပါသည်။

ကျင့်ဝတ်ရေးရာ လုပ်ထုံး (Code of Ethics) အကြောင်း ပိုမိုသောအကြောင်းအချက်များကို ဩစတြေးလျန်း စကားပြန်များနှင့် ဘာသာပြန်ဆိုသူများ အဖွဲ့ချုပ် [Australian Institute of Interpreters and Translators (AUSIT)] မှရရှိနိုင်ပါသည်။

## TIS National သို့  တုံ့ပြန်သဘောထားကို ကျွန်ုပ် မည်ကဲ့သို့ပေးရမည်နည်း။

အကယ်၍ သင် TIS National ဝန်ဆောင်မှု၊ စကားပြန် သို့မဟုတ် အော်ပရေတာ နှင့်ပတ်သက်၍ တုံ့ပြန်သဘောထား ပေးပို့လိုလျှင် ကျေးဇူးပြု၍ TIS National ကို ဖုန်း 131 450 ဖြင့်ခေါ်ပါ။

သင် စကားပြန်နှင့် ဖုန်းအဆက်အသွယ် ဆက်မိသည့်အခါ အော်ပရေတာအား သင် TIS National သို့တုံ့ပြန်သဘောထား ပေးလိုကြောင်း ပြောပါ။ သင့်တုံ့ပြန်သဘောထားကို အသံသွင်းထားမည်ဖြစ်ပြီး သုံးသပ်ပေးရန်အတွက် TIS National ရှိသက်ဆိုင်ရာ အဖွဲ့သို့ ပေးပို့ပါလိမ့်မည်။

## စကားပြန်တစ်ဦးကို အထိရောက်ဆုံး ကျွန်ုပ် မည်သို့သုံးရမည်နည်း။

သင့်အနေဖြင့် TIS National စကားပြန်တစ်ဦးကို အထိရောက်ဆုံး အောက်ပါနည်းများဖြင့် သုံးနိုင်သည် -

- TIS National ကိုဖုန်းမခေါ်မီ စကားပြန်ပေးသည့်အချိန်အတွင်း သင်လိုသည့် အချက်အလက်အားလုံးကို အဆင်သင့်ပြင်ဆင်ထားခြင်း
- နောက်တစ်ကြိမ်စကားမပြောမီ စိတ်ရှည်ရှည်ထားပြီး စကားပြန်က စကားပြန်ပြီးဆုံးသည်အထိ စောင့်ပေးခြင်း
- စကားကို ဝါကျတိုတို ပြောခြင်း
- စကားပြန်က ဘာသာပြန်ရန် ခက်ခဲနိုင်ဖွယ်ရာရှိကောင်း ရှိနိုင်သည့် ကျဘန်းစကား သို့မဟုတ် ဘန်းစကား တို့ကိုအသုံးပြုခြင်းမှ ရှောင်ရှားခြင်း
- စကားပြန်၏အခန်းကဏ္ဍကို နားလည်ပေးခြင်း
- စကားပြန်အား အကြံဉာဏ်ပေးရန် မတောင်းဆိုခြင်း သို့မဟုတ် သင့်ကိုယ်စားပြောဆိုပေးရန် မတောင်းဆိုခြင်း
- အကယ်၍ စကားပြန်ကို နားလည်ရန် သင့်တွင် အခက်အခဲဖြစ်နေလျှင် စကားပြန်၊ အဖွဲ့အစည်း သို့မဟုတ် TIS National ကိုချက်ချင်း အကြောင်းကြားပေးခြင်း

## TIS National မှတစ်ဆင့် ကျွန်ုပ် စာရွက်စာတမ်းများကို ဘာသာပြန်ဆိုနိုင်ပါသလား။

မရပါ။ TIS National သည် စီးပွားဆိုင်ရာ ဘာသာပြန်ဆိုခြင်း ဝန်ဆောင်မှုများကို မလုပ်ပေးပါ။

လူမှုရေးရာ ဝန်ဆောင်မှုများ ဌာန (Department of Social Services [DSS]) သည် ရထိုက်ခွင့်ရှိသော ဩစတြေးလျန်း (Australian) နိုင်ငံသားများနှင့် ဩစတြေးလျ (Australia) နိုင်ငံတွင် အမြဲတမ်း အခြေချနေထိုင်မည့် ပြောင်းရွှေ့အခြေချသူများအတွက် အခမဲ့ စာရွက်စာတမ်း ဘာသာပြန်ဆိုမှုကို လုပ်ပေးပါသည်။ ဤဝန်ဆောင်မှုကိုစုံစမ်းရန် သင့်ဒေသရှိ ပြောင်းရွှေ့လာသူ လူကြီးအင်္ဂလိပ်စာ အစီအစဉ် [Adult Migrant English Program (AMEP)] သင်ကြားပို့ချ သည့်ကျောင်းအားဆက်သွယ်ပါ။

အခြားဘာသာပြန်ဆိုသည့် နည်းလမ်းများနှင့်ပတ်သက်၍ အကြောင်းအချက်အလက်များကို ပြည်လုံးဆိုင်ရာ ဘာသာပြန်ဆိုသူများနှင့် စကားပြန်များအတွက် အောင်လက်မှတ်ချီးမြှင့်ရေး အာဏာပိုင် [National Accreditation Authority for Translators and Interpreters (NAATI) အားဆက်သွယ်ခြင်းဖြင့် သင်ရှာဖွေနိုင်ပါသည်။